အခြေခံမှစ၍ အဆင့်ဆင့်တက်လှမ်းလိုသူများအတွက်

စိတ်ကူးချိုချိုအနုပညာ

# ကဗျာဇယား ကျက်ပါ
# အင်္ဂလိပ်စာ စကား မခက်ပါ

# EASY ENGLISH with POEMS and TABLES


## For Very Basic to Upper-Intermediate




SAYA U PHYU WIN
(B.E. Chemical, RIT)

mgyoe.com

mgyoe.com




UPW0001

2,200.00 KS

mgyoe.com

mgyoe.com

ကဗျာလေးကျက်ပါ အင်္ဂလိပ်စာစကားမခက်ပါ။ ဆရာဦးမြှုဝင်း
စာမျက်နှာ ၁၃၃ မျက်နှာ၊ ၁၄ · ၅ စင်တီ x ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကဗျာဇယားကျက်ပါ
# အင်္ဂလိပ်စာ စကားမခက်ပါ

# EASY ENGLISH
## with Poems & Tables

ဆရာဦးဖြူဝင်း

**B.E. Chemical, R.I.T**

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# Contents မာတိကာ


1. အင်္ဂလိပ်အက္ခရာ "Alphabet" ---------- 1
2. 'သရ မှ ဝတ္ထု' ဇယား၊ "Vowel to Novel" table ---------- 2
3. ဝါစင်္ဂရှစ်ပါး စာစကား THE EIGHT PARTS OF SPEECH ---------- 3
4. NOUNS နာမ်များ ---------- 3
5. SINGULAR - PLURAL NOUNS ကဗျာ ---------- 4
6. ရှေ့ဆက် Prefix နောက်ဆက် Suffix ---------- 9
7. PRONOUN နာမ်စားများ ---------- 15
8 ADJECTIVES နာမဝိသေသနများ ---------- 17
9. Verbs ကြိယာများ ---------- 25
10. ပုံမှန်ကြိယာ = REGULAR ကဗျာ + ဇယား ---------- 26
11. ပုံမမှန်ကြိယာ = IRREGULAR ကဗျာ + ဇယား ---------- 27
12. V ING = PRESENT PATICIPLE ကဗျာ+ ဇယား ---------- 41
13. AGREEMENT OF THE VERB WITH THE SUBJECT ---------- 42
14. CONTINUOUS TENSE သုံးလေ့မရှိသော VERB များ ---------- 44
15. ကြိယာတချို့တို့၏အတိုကောက်များ:Short form of some Verbs ---------- 45
16. ACTIVE AND PASSIVE VERB FORMS (TENSES ) ---------- 46
17. မော်ဒယ်အမျိုးမျိုးအသုံးအထွေထွေ။
    USES OF MODALS AND SEMI-MODALS ---------- 50
18. ADVERB ကြိယာဝိသေသန ---------- 53
19. PREPOSITIONS ဝိဘတ်များ ကဗျာ+ ဥပမာများ ---------- 62
20. CONJUNCTIONS စကားဆက်များ ---------- 69
21. THE INTERJECTIONS အာမေဍိတ်များ ---------- 75
22. ARTICLES ---------- 76
23. PUNCTUATION ---------- 80
24. DAILY "FLASH" ENGLISH USAGES
    နေ့စဉ်သုံးလျှပ်တစ်ပြက်အင်္ဂလိပ်စကားများ ---------- 84
25. SENTENCES-CONSTRUCTIONS ---------- 94
26. BODY ကိုယ်ခန္ဓာ၊ FACE မျက်နှာ၊ HAND လက်၊
    EYES မျက်လုံး၊ FOOT ခြေ၊ ---------- 106
27. PROVERBS (စကားပုံများ) ---------- 108
28. PHRASAL VERBS ---------- 110
29. HAVE TO KNOW သိရတယ် ဝါကျလေးများ ---------- 112
30. HUMOROUS IDIOMS ဟာသဉာဏ်ပါသောအီဒီယမ်များ ---------- 117
31. SOME ABBREVIATIONS အတိုကောက်စာလုံးများ ---------- 119
32. STRUCTURES, VERB PATTERNS ---------- 121


++++++++

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာ

ဤ"ကဗျာဇယားကျက်ပါ အင်္ဂလိပ်စာစကားမခက်ပါ" **Easy English with Poems and Tables** သင်ထောက်ကူစာအုပ်သည် မူလအစ၌ India နိုင်ငံ New Delhi မြို့၊ မြန်မာဒုက္ခသည်များအတွက် ဖွင့်လှစ်ထားသော **Prospect Burma School,** "Very Basic" အင်္ဂလိပ်စာ သင်တန်းများအတွက် ရည်ရွယ်ခဲ့ပါသည်။ "Very Basic" သင်တန်းဆိုသည်မှာ အင်္ဂလိပ်စာ စကား အရေးအဖတ်အပြောတို့ကို ABCD အက္ခရာ Alphabet မှ စတင်သင်ကြားသော အခြေခံသင်တန်းဖြစ်ပါသည်။

၂၀၀၈–ခုနှစ် မတိုင်ခင်က Prospect Burma School တွင် Basic, Pre-Intermediate, Intermediate ဟူ၍ အင်္ဂလိပ်စာ သင်တန်းသုံးမျိုးရှိခဲ့ရာ စုစုပေါင်း လက်ခံနိုင်သည့် သင်တန်းသားဦးရေမှာ အသက် ၁၆–နှစ်အထက်ရှိသော၊ ၆၀–ယောက် သာဖြစ်ပါသည်။ ၎င်းသင်တန်းများသို့ ဝင်ခွင့်ရရှိနိုင်ရန်၊ ရေးဖြေ၊ နှုတ်ဖြေ အရည်အချင်းစစ် စာမေးပွဲများ ဖြေဆိုအောင်မြင်ရပါသည်။ သင်တန်းဝင်ခွင့်ရပါက ခရီးစရိတ်အဖြစ် တစ်ယောက်လျှင် တစ်ရက် ရူပီး ၂၀–နှုန်း ကျောင်းမှ ထောက်ပံ့ပါသည်။ ၎င်းတို့အနက်မှထူးချွန်သူတို့သည် **Prospect Burma** ပညာသင်ဆုအတွက် ဆရာဆရာမများ၏ ထောက်ခံချက်များလည်း ရရှိနိုင်ပါသည်။

ကျောင်းအုပ်ကြီးအဖြစ် ၂၀၀၈(ဖေ)မှ ၂၀၁၀(မတ်)အထိ မိမိ တာဝန်ထမ်းဆောင်ခဲ့ရာတွင် ၎င်း သင်တန်းသုံးမျိုး ဝင်ခွင့်မရကြသော ဦးရေမှာ လစဉ် ၂၀–၃၀ ခန့်ရှိကြောင်း သတိပြုမိခဲ့ပါသည်။ စုံစမ်း မေးမြန်းကြည့်ရာတွင် "ခရီးစရိတ်မရချင်နေပါစေ… သင်တန်းတက်ချင်ပါသည်၊ ဆရာကြီးစီစဉ်ပေးပါ၊" ဆိုသောအဖြေကို ရရှိခဲ့ပါသည်။ ထို့ကြောင့် အသက် ၁၂–နှစ်အထက် ဝင်ခွင့်ဖြေစရာမလိုသော၊ သင်တန်းသားဦးရေ ကန့်သတ်မှုမထားသော၊ "Very Basic" ညနေသင်တန်းများ Prospect Burma ကျောင်းတွင် ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ ကျောင်း၏ဝန်ထမ်း အင်္ဂလိပ်စာပြ ဆရာ၊ ဆရာမများမှာ ပြင်ပကျူရှင်များဖြင့်မအားမလပ်ဖြစ်နေကြသဖြင့် ၎င်းသင်တန်းများကို မိမိနှင့်လုပ်အားကူညီ ဆရာဆရာမတချို့ကပင် စေတနာ့ဝန်ထမ်းတာဝန်ယူသင်ကြားပေးကြရပါသည်။

တကယ်လက်တွေ့ သင်ကြားကြည့်ကြရာတွင် အခြေခံပညာ "ထက်လယ်မူ"၊ ဘွဲ့ရ၊ ကျမ်းစာသင်ကျောင်းများမှပြန်လာသူ၊ ပညာသင်ဆုရရေးတက်ရောက်နေသူ၊ ခရီးစရိတ်ရသင်တန်းများတက်ခွင့်ရရန်စောင့်စားနေသူ၊ အပျော်သဘောတက်သူ၊ အင်္ဂလိပ်စာအရေးအဖတ်အပြောတကယ်တတ်မြောက်လိုသူ စသည်ဖြင့် အဆင့်အမျိုးမျိုး ရှိကြောင်းတွေ့ရပါသည်။ လူမျိုးအနေဖြင့် ချင်း၊ ကချင်၊ ရှမ်း၊ နာဂ၊ ရခိုင်၊ မြန်မာ၊ မီဇိုး၊ လူရှိုင်း၊ ကွတ်ကီး၊ မွန်၊ ကရင်၊ စသော တိုင်းရင်းသားပေါင်းစုံ ပါဝင်သလို၊ အသက် ၁၂ နှစ်မှ ၆၀ နှစ်အထိ အသက်အရွယ် အမျိုးမျိုးလည်း ပါဝင်ကြပါသည်။ ကျောင်းတက်မှန်သူများရှိသလို မမှန်သူများလည်းရှိကြပါသည်။ မိမိနှင့် လုပ်အားကူညီဆရာဆရာမများ၏ မြန်မာလိုရောအင်္ဂလိပ်လိုပါ သင်ကြားရှင်းပြမှုများကိုအချိန်နှင့်တစ်ပြေးညီ သေချာရေလည်စွာ နားလည်ကြသူများရှိကြသလို၊ ဖြေးဖြေးအေးအေး တစ်လုံးချင်း ပြောပြ ရှင်းပြမှ နားလည်ကြသူများကိုလည်း တွေ့ရပါသည်။ White Board ပေါ်တွင်ရေးပြထားသည်များကို လိုက်လံ ကူးယူနိုင်သူများရှိသလို အချိန်မီ မကူးယူနိုင်သူများလည်းရှိကြပါသည်။

mgyoe.com

mgyoe.com

ထိုသို့သောအကြောင်းများကြောင့် အဆင့်အမျိုးမျိုးဖြင့် တက်ရောက်လာသူ Very Basic အင်္ဂလိပ်စာ သင်တန်းသားများအားလုံးအဆင်ပြေရေးအတွက် အခုရောနှောင်ပါ ထိထိရောက်ရောက် အကျိုးရှိမည့် သင်ထောက်ကူမှတ်စုများစနစ်တကျ ပြုစုပေးဝေ သင်ကြားပေးရန် မဖြစ်မနေ လိုအပ်လာကြောင်းသတိပြုမိခဲ့ပါသည်။ ထို့ကြောင့် ရန်ကုန်မြို့ အေးငြိမ်းချမ်းသာ သင်ထောက်ကူ အင်္ဂလိပ်စာသင်ကြားမှုမှတ်စုများ၊ ရန်ကုန်မြို့ **British Council** မှ **Study Centre, Library, Teacher Centre and Workshop** စာအုပ်စာတမ်းမှတ်စု သင်ထောက်ကူများ၊ ရန်ကုန်မြို့ဒဂုံမြို့သစ်မြောက်ပိုင်း **"ဝေဇယန္တာလူငယ်ဖွံ့ဖြိုးရေးကျောင်း"** အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓါတု၊ ရူပ စသော သင်ကြားမှု မှတ်စုများ၊ ချင်းပြည်နယ် ထန်တလန်မြို့၊ ဘာသာစုံ **Emanual Boarding School** သင်ကြားမှုမှတ်စုများ၊ လက်လှမ်းမှီသမျှ Reference မှီငြမ်းကိုးကားစာရင်းတွင်ဖော်ပြထားသော စာအုပ်များ၊ အင်္ဂလိပ်စာသင်ကြားမှု Internet Websites များ၊ စသည်တို့ကို အခြေခံ၍ "Very Basic"သင်တန်းမှတ်စုများကိုပြုစုရေးသားရိုက်နှိပ်ဝေငှသင်ကြားပေး နိုင်ခဲ့ပါသည်။ စုပေါင်းချုပ်လိုက်ပါကစာအုပ်ငယ်တစ်အုပ်ရလာသည့်ပုံစံမျိုးဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် မိမိနှင့်ကျောင်း၏ဝန်ထမ်းများ၊ ကွန်ပြူတာဆရာ ဆရာမများ၊ **Native English Teacher** များ၊ ကျောင်းသားကျောင်းသူများစုပေါင်း၍ **"Prospect Burma ဦးသန့်စာကြည့်တိုက်"**၊ ဘာသာစကားများပြောဆိုလေ့ကျင့်ရာ **"Language Lab", English Burmese All Chin Dictionary, English Kachin Dictionary,** **သုတေသနသရုပ်ပြအဘိဓာန်များ၊ ကိုယ်ပိုင်စာအုပ်ငယ်များ၊ e-book** များ၊ စသည်ဖြင့် တည်ထောင် ပြုစု ပေးဝေ ဖြန့်ချိ အကျိုးပြု နိုင်ခဲ့ကြရာ ဤ Very Basic အင်္ဂလိပ်စာ သင်တန်းများသည်လည်း ပိုမိုလူသိများ၊ တက်ရောက်သူများပြား၊ မှတ်စုများ၊ စာအုပ်များ လိုအပ်သူ၊ လိုချင်သူပိုမိုများပြား လာခဲ့ရပါသည်။

မူလက Very Basic နှင့် စတင်အခြေပျိုးသူများအတွက်၊ သက်သက်သာသာ **"ဆိုရလွယ်၊ နားလည်လွယ်၊ မှတ်မိလွယ် သင်ထောက်ကူကဗျာနှင့်ဇယားများ"** ဖြစ်သော်လည်း **Bible School and University** များ၊ **IGNOU, BPP, DU, Computer Centres, Oxford School,** **နာလန္ဒာ၊ ဂါယာ၊ မာဂဓ၊ ဗာရာဏသီ၊ စသော** ကျောင်းများ တက္ကသိုလ်များ၏အထက်တန်းစာသင်သားအများကပါ နှစ်သက် တောင်းဆိုလာကြသဖြင့်၊ ထပ်မံဖြည့်စွက်ပြုပြင်ပြီး **"အချိန်တိုအတွင်းကိုယ်တိုင်လေ့လာကျက်မှတ် တတ်ကျွမ်းအသုံးချနိုင်မည့်စာအုပ်"** အဖြစ်ကြိုးပမ်းလိုက်ရပါသည်။

၂၀၁၀ လိုအပ်ချက်အရ၊ နိုင်ငံရေးအတွက်ခေါင်းအေးအေးဖြင့် အချိန်ပိုပေးနိုင်ရန် Prospect Burma မှအငြိမ်းစားယူခဲ့ပြီး၊ ယခုအခါမိမိသည် မြန်မာဒုက္ခသည်များသာမက အာဖဂန်နစ်စတန်၊ ဆိုမာလီ၊ ပါကစ္စတန်၊ အိန္ဒိယ၊ အီရန်၊ အီရတ် စသောနယ်းဒေလီရောက် ဒုက္ခသည်အများအတွက် ဖွင့်လှစ်ထားသော **UNHCR and Don Bosco Vocational Training Institute** ၏ အချိန်ပိုင်းနည်းပြအဖြစ်တာဝန်ထမ်းဆောင်နေပါသည်။

**ဆရာဆရာမအပေါင်းအားဦးညွတ်ဂါရဝပြုလေးစားကန်တော့လျက်–**
ကိုယ်နှုတ်ယဉ်ကျေး၊ စိတ်ဖြူဖွေး၊ အေးငြိမ်းချမ်းသာကြပါစေ။
ဦးဖြူဝင်း(လန်ထောင်စပ်စုလေး)
09-795583670, satsuulay@gmail.com

mgyoe.com

mgyoe.com

# အင်္ဂလိပ်အက္ခရာ "Alphabet"

**Capital Letter**
စာလုံးကြီး

A B C D E F G
H I J K L M N O P
Q R S T U V W
X Y Z

**Small Letter**
စာလုံးသေး

a b c d e f g
h i j k l m n o p
q r s t u v w
x y z

**Script Letter**
ရေးဟောင်း
ကျောက်စာ

*A B C D E F G*
*H I J K L M N O P*
*Q R S T U V W*
*X Y Z*

**Running Hand**
လက်ရေးဆက်

*a b c d e f g*
*h i j k l m n o p*
*q r s t u v w*
*x y z*

**BLOCK LETTER**
စာလုံးကြီးအညီရေး

U PHYU WIN
PROSPECT BURMA

mgyoe.com

mgyoe.com

| | |
|---|---|
| **Vowel** (သရ) | **(a, e, i, o, u)** 5 လုံး။ ၎င်းတို့နှင့်တွဲပါက အသံထွက်သောစာလုံးများဖြစ်လာပါသည်။ |
| **Consonent** (ဗျည်း) | ကျန် 21 လုံးကို (ဗျည်း) ဟုခေါ်ပါသည်။ |
| **Semi-Vowel** (တစ်ဝက်သရ) | အခါအားလျော်စွာအသံထွက်ပေးတတ်သော **y** စာလုံး။ |
| **Word** (စကားလုံး)<br>ဗျည်းနှင့်သရတို့ပေါင်းစပ်၍ ရလာ သော အဓိပ္ပာယ်ရှိသည့် စကားလုံးများ။ | teacher, man, dog, tree, is, will, can, come, go, same, dry, at, in, of, an, the, quickly စသည်တို့ဖြစ်ပါသည်။ |
| **A group of words** (စကားလုံးစု)<br>စကားလုံးများစုပေါင်းထားခြင်း။ | a piece of chalk မြေဖြူတစ်ပိုင်း၊<br>a cup of tea လက်ဖက်ရည်တစ်ခွက်၊<br>the big dog ဒီခွေးကြီး။ စသည်။ |
| **Phrase**(ကြိယာမပါ စကားလုံးစု)<br>အဓိပ္ပာယ်ပြည့်စုံမှုမရှိသေးသော ကြိယာမပါ စကားလုံးစုကိုခေါ်သည်။ | A Phrase is a group of words without a verb.<br>a tablet of medicine ဆေးပြားတစ်ပြား၊<br>a bottle of medicine ဆေးတစ်ပုလင်း။ စသည်။ |
| **Clause** (ကြိယာပါ စကားလုံးစု)<br>အဓိပ္ပာယ်ပြည့်စုံမှုမရှိသေးသော ကြိယာပါရှိသည့်စကားလုံးစုကိုခေါ်သည်။ | A clause is a group of words with a verb.<br>which bites me (ကျွန်ုပ်ကိုကိုက်သော) ဘာကောင်ကိုက်တာလဲ၊ စသဖြင့် အဓိပ္ပာယ်မပြည့်စုံ။ |
| **Sentence** (ဝါကျ)<br>အဓိပ္ပါယ်ပြည့်စုံ အစီအစဉ်ကျသော စကားလုံးစုကို ဝါကျဟုခေါ်သည်။ | This is a dog which bites me.<br>ကျွန်တော်ကိုကိုက်သောခွေးသည် ဒီခွေးဖြစ်သည်။<br>(အဓိပ္ပာယ်ပြည့်စုံပြီ) |
| **Paragraph** (စာပိုဒ်) | Sentences ဝါကျများစုပေါင်းထားသောစာပိုဒ်။ |
| **Comprehension** စာစီစာကုံး/<br>**Composition** စာတမ်း/<br>**Eassy** စာညွှန့်/**Article** ဆောင်းပါး<br>**Story** ပုံပြင် **Novel** ဝတ္ထု စသည်။ | ၎င်းတို့သည် Paragraph စာပိုဒ်များစုပေါင်းဖွဲ့စည်းထားသောစာစုများဖြစ်ပါသည်။ |

mgyoe.com

mgyoe.com

# ဝါစင်္ဂရှစ်ပါး စာစကား
# "The eight parts of speech"

| | | |
|---|---|---|
| 1. | Noun | နာမ် (အမည်ဟူသမျှနှင့် --ခြင်း၊ --မှု၊ တို့နဲ့ဆုံးတာ) |
| 2. | Pronoun | နာမ်စား (သူ၊ငါ စတဲ့နာမ်အစားသုံးတာတွေ) |
| 3. | Adjective | နာမဝိသေသန (နာမ်ကိုအထူးပြု၊ --သော နဲ့ဆုံး) |
| 4. | Verb | ကြိယာ (ပြု၊ ဖြစ်၊ ရှိ ပြ တာတွေ၊ --သည်၊၏၊ နဲ့ဆုံး) |
| 5. | Adverb | ကြိယာဝိသေသန (ကြိယာကိုအထူးပြု --စွာနဲ့ဆုံး) |
| 6. | Preposition | ဝိဘတ် (ဆက်သွယ်ပြဌာန်းပုဒ်) |
| 7. | Conjunction | စကားဆက် (နှင့်၊ ကြောင့် ၊ အတွက်၊ စတာတွေ) |
| 8. | Interjection | အာမေဍိတ်(အမယ်လေး၊ အလိုဘုရားရေ..စသည်များ) |

## 1. NOUNS (နာမ်များ)

✪ သက်ရှိသက်မဲ့၊ ဒြပ်ရှိဒြပ်မဲ့၊ အမည်ဟူသမျှ။ နာမ်ခေါ်ကြပါ။
A noun is the name of anything.

✪ တစ်, များ, စိတ္တဇ၊ အစုပြ၊ မှတ်ကြ ၄-မျိုးသာ။
**Proper nouns** တစ်ဦးဆိုင်နာမ်၊ {Maung Ba, Ayeyawaddy} Capital နဲ့စရေး။
**Common nouns** အများဆိုင်နာမ်၊ {man, town, journal}
**Abstract nouns** စိတ္တဇနာမ်၊ {wisdom (ပညာရှိခြင်း)၊ success (အောင်မြင်ခြင်း)}
**Collective Nouns** အစုပြနာမ်။ { People ပြည်သူလူထု၊ school ကျောင်း။ စသည် }

✪ ပုလ္လိင် ဣတ္ထိ၊ နပုန် ဒွိ၊ မှတ်သိလိင်လေးဖြာ။ English Noun များကိုမူ GENDER ၃မျိုးသာ ခွဲထားပါသည်။ (အဖို အမ လိင်မဲ့ နှင့် ဒွိလိင်)

✪ ဧက ဗဟု၊ နည်းများမှု၊ မှတ်ပြုကိန်း ၂ ဖြာ။
Singular number အနည်းကိန်း၊ Plural number အများကိန်းဟူ၍ ကိန်း၂-မျိုးရှိသည်။

<u>The Three genders</u> လိင် ၃-မျိုးဗေဒ

| <u>Masculine</u> အဖို | <u>Feminine</u> အမ | <u>Neuter</u> လိင်မဲ့ နှင့် ဒွိလိင် |
|---|---|---|
| men အမျိုးသားများ | women အမျိုးသမီးများ | things အရာဝတ္ထုများ |
| boy ယောက်ျားလေး | girl မိန်းကလေး | animal တိရစ္ဆာန် |

အဖိုနှင့်အမကိုခွဲရန်၊
အဖိုတွင် er , or နှင့်ဆုံးပါက e နှင့် o ကိုဖြုတ်ပြီး ess ထပ်ပေါင်းခြင်း ဖြင့်အမ ရနိုင် ပါတယ်။

| | |
|---|---|
| Prince မင်းသား | Princess မင်းသမီး |
| actor သရုပ်ဆောင်မင်းသား | actress သရုပ်ဆောင်မင်းသမီး |
| waiter စားပွဲထိုးအမျိုးသား | waitress စားပွဲထိုးအမျိုးသမီး |

mgyoe.com

## Singular - Plural Nouns ကဗျာ

| | |
|---|---|
| ♥ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်ဟာ singular ပေါ့<br>တစ်ခုထက်ပိုတော့ plural ပါ။ | |
| ♥ book, chair, plate မှာ "s" သာထည့်ပြီး<br>box, boss, watch, splash "es" ပါ။ | စာအုပ်၊ ကုလားထိုင်၊ ပန်းကန်ပြား၊<br>သေတ္တာ၊ သူဌေး၊ လက်ပတ်နာရီ ၊<br>အရည်မှအစက်များဖြာထွက်စေသည်။ |
| ♥ ...f,...fe ဆုံးရင် "ves" ပြောင်းလိုက်<br>leaf, thief, knife, wife ဥပမာ။ | သစ်ရွက်၊ သူခိုး၊ ဓား၊ ဇနီး |
| ♥ beliefs, chiefs, cliffs မှာ "s" သာဖြည့်လို့<br>proofs, roofs, safes တို့ ခြွင်းချက်ပါ။ | ယုံကြည်မှု၊ အကြီးအကဲများ၊ ကမ်းပါးစောက်၊<br>သက်သေများ၊ ခေါင်မိုး၊ မီးခံသေတ္တာများ၊ |
| ♥ Vowel နောက်မှာ "y" လေးဆုံးရင်<br>boys, days, keys တို့ "s" ဖြည့်ကာ။ | ယောက်ျားလေးများ၊ နေ့ရက်များ၊<br>သော့တံများ၊ |
| ♥ Consonant နောက်မှာ "y" အပြီးဆက်က<br>babies, cities "ies" လာ။ | ကလေးငယ်များ၊ မြို့တော်များ၊ |
| ♥ mango, mosquito, potato နဲ့<br>tomato တို့ "es" ပါ။ | သရက်သီး၊ ခြင်၊ အာလူး၊<br>ခရမ်းချဉ်သီး၊ |
| ♥ piano, radio, zoo, yoyo ကို<br>"o" နဲ့ဆုံးလည်း "s" ဆက်ပါ။ | စန္ဒရား၊ ရေဒီယို၊ တိရစ္ဆာန်ရုံ၊<br>ရိုးရိုးကစားစရာဂျင် |
| ♥ foot-feet, goose-geese,<br>tooth-teeth အလိုက်အထိုက်<br>mouse-mice, man-men<br>Vowel ပြောင်းပါ။ | ခြေထောက် ၂ ဖက်၊ ဘဲငန်းမများ၊<br>သွားများ၊<br>ကြွက်များ၊ လူများ၊ |
| ♥ child ဆို children , ox ဆို oxen<br>en ဖြည့်ပေါင်းသေသေချာချာ။ | ကလေးများ၊ နွားထီးများ၊ |
| ♥ basis, crisis, oasis နဲ့<br>thesis, axis, analysis မှာ။ | အခြေခံ၊ အကျပ်အတည်း၊ အိုအေစစ်၊<br>စာတမ်း၊ ဝင်ရိုး၊ ခွဲခြမ်းစိပ်ဖြာခြင်း၊ |
| ♥ "is" ဆုံးတာ "es" ပြောင်း၍<br>bases, crises... စသည်ဖြင့်ပါ။ | |
| ♥ datum-data , fomula-fomulae တဲ့<br>genius-genii , die-dice မှာ။ | အချက်အလက်များ၊ ပုံသေနည်းများ၊<br>ဉာဏ်ကြီးရှင်များ၊ အံစာတုံးများ၊ |
| ♥ himself , herself , myself တို့လည်း<br>themselves , ourselves ပြောင်းရတာ။ | သူကိုယ်တိုင်၊ သူမကိုယ်တိုင်၊<br>ကျွန်ုပ်ကိုယ်တိုင်၊<br>သူတို့ကိုယ်တိုင်၊ ကျွန်ုပ်တို့ကိုယ်တိုင်၊ |
| ♥ Compound nouns ဆို အဆုံးပိုင်းရော၊<br>အစပိုင်းရော၊ နှစ်ပိုင်းလုံးရော၊ အများပြောင်းပါ။ | |
| ♥ grown-ups, sons-in-law,<br>men-of-war ပေါ့<br>women doctors မှတ်စရာ။ | အရွယ်ရောက်သူများ၊ သမက်များ၊<br>စစ်လူစစ်သားများ<br>အမျိုးသမီးဆရာဝန်များ(ဆရာဝန်မများ) |

mgyoe.com

♥ Plural အများသာဖြစ်ကြရတဲ့
pliers , scissors နဲ့ binoculars ။ — ပလာယာ၊ ကက်ကြေး၊ ၂–လုံးပြူးမှန်ပြောင်း၊
♥ pincers , shorts , pants , glasses များကွဲ့ — သံနုတ်များ၊ ဘောင်းဘီတို၊ ဘောင်းဘီရှည်၊
braces , pyjamas နဲ့ suspenders။ — တစုံ(တရံ)၊ ညဝတ်စုံ၊ လန်ကွတ်တိုင်ကိုမှန်၊
♥ arms , cloths , manners , surroundings ကို — လက်မောင်း၊ အဝတ်အစား၊ အပြုအမူ၊ ပတ်ဝန်းကျင်၊
congratulations , thanks , oats ပါ။ — အောင်မြင်မှုအတွက်ဂုဏ်ပြုခြင်း၊ ကျေးဇူးတရား၊ မြင်စားဂျုံ၊
♥ အချို့ noun တွေဟာ "s" နဲ့ ဆုံးလည်း
singular = အနည်း ယူရတာ။
♥ news , billiards , classes နဲ့ — သတင်း၊ ဘီလီယက်၊ အဆင့်အတန်း၊
darts , economics , physics ပါ။ — မြှား(မိုန်း)၊ စီးပွားရေး၊ ရူပဗေဒ၊
♥ Uncountable Noun ခေါ်ရေတွက်မရတဲ့ — ဂီတ၊ အိမ်စာ၊ ရွှေ မီးခိုး၊ ထောပတ်၊
music, homework , gold, smoke, butter ။
♥ beef , chalk , funiture စသည်များကို — အမဲသား၊ မြေဖြူ၊ အိမ်ထောင်ပရိဘောဂ
နည်းများမခွဲဘဲ ကျက်မှတ်ပါ။
♥ singular - plural - noun ဆိုသည်များ
မှတ်သား အသုံးချ ပျော်စရာ
ကျက်ပါ မှတ်ပါ ။ ။

## အဓိကအားဖြင့် Noun ကို နှစ်မျိုးခွဲနိုင်ပါတယ်။

(၁) ရေတွက်၍ရသောနာမ် **Countable Noun**
(ရေတွက်၍ရသောနာမ်သည် အနည်းကိန်းနှင့်အများကိန်းဟူ၍ ၂မျိုးရှိနိုင်သည် )

(၂) ရေတွက်၍မရသောနာမ် **Uncountable Noun**
(ရေတွက်၍မရသောနာမ်သည် အနည်းကိန်းဟုသာသတ်မှတ်ကြသည်)

**Noun အနဲကိန်း: Noun အများကိန်းပြောင်းရန်နည်းလမ်းအချို့**

1. များသောအားဖြင့် "s" ပေါင်းပေးရတယ်။

| | | | | | |
|---|---|---|---|---|---|
| **Singular** | animal | chair | record | house | office |
| **Plural** | animals | chairs | records | houses | offices |

2. y ရှေ့တွင် Vowel သရ (a, e, i, o, u) တစ်ခုခုမပါဝင်ပါက y ကို ဖြုတ်ပြီး "ies"

| | | | | | |
|---|---|---|---|---|---|
| **Singular** | city | country | lady | hobby | spy |
| **Plural** | cities | countries | ladies | hobbies | spies |

3. y ရှေ့တွင် Vowel သရ (a, e, i, o, u) ပါဝင်ပါက y ကို မဖြုတ်ဘဲ s" ထပ်ပေါင်း

| | | | | | |
|---|---|---|---|---|---|
| **Singular** | day | key | boy | toy | buy |
| **Plural** | days | keys | boys | toys | buys |

mgyoe.com

4. ' f ', ' fe ' စသည်တို့ဖြင့်အဆုံးသတ်နေပါက ' f ', ' fe ' ဖြုတ်ပြီး " ves " ပေါင်း

| | | | | | | |
|---|---|---|---|---|---|---|
| **Singular** | wife | knife | life | shelf | loof လက်ဖဝါး | thief |
| **Plural** | wives | knives | lives | shelves | looves | thieves |

5. vowel သရပြောင်းပေးလျှင် Noun အများကိန်းရပါတယ်။

| | | | | | |
|---|---|---|---|---|---|
| **Singular** | man | woman | tooth | foot | mouse |
| **Plural** | men | women | teeth | feet | mice |

6. " ch " " sh " " ss " " o " " x " တို့နှင့်ဆုံးသော Noun များကို " es " ပေါင်း။

| | | | | | | |
|---|---|---|---|---|---|---|
| **Singular** | watch | brush | glass | potato | box | bus |
| **Plural** | watches | brushes | glasses | potatoes | boxes | buses |

7. တချို့ Noun များကိုအနည်းကိန်းရော၊ အများကိန်းရပါသုံးလို့ရပါတယ်။

| | | | | | |
|---|---|---|---|---|---|
| **Singular** | fish | sheep | deer | swine | quail |
| **Plural** | fish | sheep | deer | swine | quail |

8. News, Mathematics, Physics, Economics, Politics, wages, Mechanics တို့သည် s ပါ သော်လည်း Noun အနည်းကိန်းဖြစ်တယ်။

9. scissors, spectacles, trousers, balances, pliers, pincers တို့ဟာ Noun အနည်းကိန်းဖြစ် တယ်။(ကပ်ကျေး၊ မျက်မှန်၊ ဘောင်းဘီ၊ ချိန်ခွင်၊ ပလာယာ၊သံနုတ်)

10. People, police, Public, cattle, dozen တို့သည် Noun အများကိန်းဖြစ်တယ်။ (ပြည်သူလူထု၊ ရဲ၊ ပြည်သူ၊ နွားကျွဲများ၊ ဒါဇင်)

**+++ Food, Material, Common Nouns , Abstract noun ,** များသည် **Uncountable Noun** ဖြစ်တယ်။ ++++

**Food** (အစားအစာများ) rice (ထမင်း)၊ curry (ဟင်း)၊ oil (ဆီ)၊ Butter (ထောပတ်)၊ onion (ကြက်သွန်နီ)၊ Garlic (ကြက်သွန်ဖြူ)၊ salt (ဆား)၊ sugar (သကြား)၊ water (ရေ)၊ Bread (ပေါင်မုန့်)၊ cake (ကိတ်မုန့်)၊ tea (လက်ဖက်ရည်)၊ coffee (ကော်ဖီ)၊ Pepsi (ပက်စီ)၊ Horlick (ဟော်လစ်)၊ တခြားအများအပြားရှိသေးတယ်။

**Material** (အရာဝတ္ထုများ) နှင့် **Metal** (သတ္တုပစ္စည်းများ)
gold (ရွှေ)၊ silver (ငွေ)၊ aluminium (အလူမီနီယံ–ဒန်)၊ copper (ကြေး)၊ iron (သံ)၊ tin (သံဖြူ)၊ sodium(ဆိုဒီယမ်)၊ potassium(ပိုတက်ဆီယမ်)၊ magnesium(မဂ်ဂနီဆီယမ်)၊ chromium(ခရိုမီယမ်)၊ sulphur(ကန့်)၊ uranium (ယူရေနီယံ)၊ နှင့်အခြား သတ္တုများရှိကြပါတယ်။

**Common Nouns** (ရိုးရိုးနာမ်များ)
rain (မိုး)၊ grass (မြက်)၊ glass (ဖန်)၊ sand (သဲ)၊ hair (ဆံပင်)၊ money (ငွေကြေး)၊ wood (သစ်)၊ tobacco (ဆေးတံသောက်ဆေး)၊ စသည်များ။

**Abstract Nouns** (စိတ္တဇနာမ်များ)၊ love (ချစ်ခြင်း)၊ hate (မုန်းခြင်း)၊ courage (သတ္တိရှိခြင်း)၊ honesty (ရိုးသားခြင်း)၊ wisdom (ပညာရှိခြင်း)၊ beauty (အလှအပ) စသော တခြားသောရေတွက်မရသောနာမ် များလည်းရှိသေးတယ်။

mgyoe.com

## Nouns နှင့်တွဲသုံးလေ့ရှိသော စကားလုံးများ

N = Noun နာမ် (အနည်းရော အများရော) V = verb ကြိယာ (အနည်းရော အများရော)

Ns = Singular Noun နာမ်အနည်းကိန်း (S မပါ) Vs = Singular verb ကြိယာအနည်းကိန်း (S ပါ)

Np = Plural Noun နာမ်အများကိန်း (S ပါ) Vp = Plural verb ကြိယာအများကိန်း (S မပါ)

English ဝါကျများဖွဲ့ရာတွင်

**Noun အနည်း နှင့် verb အနည်း၊ Noun အများ နှင့် verb အများ တန်းတူရေးဖွဲ့ပြောရသည်။**

Noun အနည်း နှင့် verb အများ။ Noun အများ နှင့် verb အနည်း မဖြစ်စေရ။

ဥပမာ- A baby cries. A boy plays. A bus stops.

Two babies cry. Three boys play. Four buses stop.

| | | | |
|---|---|---|---|
| **(a)** | **Adjective + N** | - | **beautiful girl** |
| **(b)** | **Article + Adj + N** | - | **a clever boy** |
| **(c)** | **Pronoun + Adj + N** | - | **my best friend** |
| **(d)** | **Number + Adj + N** | - | **two clever boys** |

အမိက ၄–မျိုး

1. **This** ဒီ **/ that** ဟို **+ $N_s$** (S မပါ) :- this boy (ဒီကောင်လေး။) , that girl (ဟိုကောင်မလေး)
2. **These** ဒီဟာတွေ **/ those** ဟိုဟာတွေ **+ $N_p$** (S ပါ) :- These boys ဒီကောင်လေးတွေ(များ)၊ those girls ဟိုကောင်မလေးတွေ(များ)။
3. **One + $N_s$** (S မပါ) :- one book စာအုပ်တအုပ် , one chair ခုံတလုံး။
4. **Two/ three/ four ... numbers + $N_p$** (S ပါ) :- two books စာအုပ် ၂–အုပ် , two chairs ခုံ ၂–လုံး။ စသည်။
5. **my/ his/ her/ your/ Its + N** :- my book ငါ့စာအုပ်၊ , your school သင်၏ကျောင်း
6. **our/ their/ your/ Its + N** :- their books သူတို့၏စာအုပ်များ၊ our school ကျွန်ုပ်တို့၏ကျောင်း။
7. **'S + N** ၏---(S ပါတာရော၊ S မပါတာရော) :- the boy's book, the girl's pencil (ဒီကောင်လေး၏စာအုပ်၊ ဟိုကောင်မလေး၏ခဲတံ)
8. **S' + N** များ၏---(S ပါတာရော၊ S မပါတာရော) :- the boys' books, the girls' pencils (ဒီကောင်လေးများ၏စာအုပ်များ၊ ဟိုကောင်မလေးများ၏ခဲတံများ)

### Countable N

9. **many - များစွာသော** – many cars များစွာသောကားများ၊ many students များစွာသော စာသင်သားများ၊
10. **few + countable N - မရှိသလောက် အနည်းငယ်**
He has few friends. သူ့မှာမိတ်ဆွေ မရှိသလောက်နည်းလှသည်။
11. **a few + countable N - တစ်ယောက်တလေ၊ တစ်ခုတလေ၊ အနည်းငယ်**
He has a few friends. သူ့မှာမိတ်ဆွေ တစ်ယောက်တလေ ရှိသည်။

**Uncountable N**

12. **much - များစွာ** – much rain မိုးများစွာ, much money ငွေများစွာ။

13. **little + uncountable N :- မရှိသလောက် အနည်းငယ်**

Will you have little wine ? သင့်မှာ ဝိုင် (မရှိသလောက်) အနည်းငယ် ရှိသလား။

14. **a little + uncountable N :- တစ်စက်တလေ အနည်းငယ်**

Will you have a little wine ? သင့်မှာ ဝိုင် (တစ်စက်တလေ) အနည်းငယ် ရှိသလား။

**Countable N / Uncountable N**

15. **a lot of - များစွာ** I have a lot of CDs. ကျွန်တော့်မှာ စီဒီများစွာရှိသည်။

I have a lot of money.ကျွန်တော့်မှာ ငွေများစွာရှိသည်။

16. **Some-တချို့** There are some apples in the bowl. ပန်းသီးတချို့ ဇလုံထဲမှာရှိကြသည်။

There is some wine left over.ဝိုင်တချို့ဒီမှာကျန်သေးဟယ်။

Have you some CDs.? စီဒီတချို့သင့်မှာရှိသလား။

17. **any– တချို့ ၊အနည်းငယ်။** Negative/Interrogative အငြင်း၊ အမေးဝါကျများတွင်သုံး။

There aren't any children here. ဒီမှာကလေးတချို့မရှိကြဘူး။

Have you got any CDs. ?မင်း စီဒီတချို့ရပြီးပြီလား။

18. **No- မရှိ၊ တစ်ခုမှမရှိ၊ နည်းနည်းမှ မရှိ။** I have no time.ငါ့မှာ အချိန်လုံးဝမရှိ။

There are no children here. ဒီမှာကလေးတစ်ယောက်မှ မရှိကြဘူး။

19. **Other တခြားသော** :- Other girls are clever.တခြားသောမိန်းကလေးများ

20. **One of the + $N_p$ + $V_s$ တစ်––သော** :- One of the boys is clever.

(ယောကျ်ားကလေးများစွာအနက်)တစ်ယောက်သောယောကျ်ားကလေး သည်လိမ်မာ၏။

21. **Some of the + $N_p$ + $V_p$ တချို့သော** :- Some of the boys are clever.

တချို့သောယောကျ်ားကလေးများ သည်လိမ်မာကြ၏။

22. **All of the + $N_p$ + $V_p$ အားလုံးသော** :- All of the boys are clever.

အားလုံးသောယောကျ်ားကလေးများ သည်လိမ်မာကြ၏။

23. **N + N** sea beach ပင်လယ်ကမ်းခြေ (ခွဲသုံးခြင်း) bodyguard (တွဲသုံးခြင်း)

salt-maker ဆားချက်သမား, Galon-bird ဂဠုန်ငှက် **(Hyphen ခံသုံးခြင်း)**

24. **N + N + N** cherry wood doll. ချယ်ရီသားအရုပ်။

25. **N + N + N + N** sea shell ash tray.ပင်လယ်ခရုခွံဖြင့်လုပ်ထားသည့်ဆေးလိပ်ပြာခွက်၊

26. **Whose + N** :- Whose pen is this ? (ဘယ်သူ၏–––လဲ ?)

27. **Which + N** :- Which shirt do you like ? (ဘယ်–––လဲ ?)

28. **Ved (or) Ven + N** :- This is a boiled rice. ဒါဆန်ပြုတ်တစ်အိုး။

:- This is a broken chair. ဒါကျိုးနေတဲ့ခုံတစ်လုံး။

29. **Ving + N** :- colouring chalk.ရောင်စုံမြေဖြူခဲ။(ဝယ်ကတည်းက ရောင်စုံမြေဖြူခဲဖြစ်သည်။)

coloured chalk အရောင်ဆိုးထားသောမြေဖြူခဲလို့သိရပါသည်။

30. **Groupal Adj + N** :- This is a glass of water. ဒါရေတစ်ဖန်ခွက်။

This is a piece of bread. ဒါပေါင်မုန့်တစ်ချပ်။

+++++++++++++

mgyoe.com

## ရှေ့ဆက် Prefix နောက်ဆက် Suffix

⌘ ရှေ့ဆက် **Prefix**, နောက်ဆက် **Suffix**
အသုံးချဖို့ မသိမဖြစ်။
⌘ **Prefix** = ရှေ့ဆက် (၆)မျိုးမှာ
အရွယ်အစားပြတာ နံပါတ် **1.** ပါ။
⌘ **macro, mega** (မက်ခရို၊ မီဂါ) = အလွန်ကြီးမား
**mini , micro** (မိနီ၊ မိုက်ခရို)= အသေးစား။
⌘ တူညီသည်များ = **equi** (အီကွီး) ဆို
တစ်ဝက်တစ်ပိုင်းက = **semi** (ဆီမီး) = အကြို။

***1. Prefixes of size :*** (အရွယ်အစားပြရှေ့ဆက်များ)

**macro**economics မက်ခရို အီကိုနောမစ် = အကြီးစားစီးပွားရေး။
**mega**phone မီဂါဘုန်း= အသံကြီးချဲ့စက်။ **mega**store = ကုန်လှောင်ရုံအကြီးစားကြီး။
**mini**computer မီနီကွန်ပျူတာ = ကွန်ပျူတာအသေးစား။
**mini**skirt စကတ်တိုတို။ **mini**ature= အငယ်စားပုံစံ။ **mini**bus= အငယ်စားဘတ်စ်ကား
**micro**scope မိုက်ခရိုစကုပ်= အဏုကြည့်မှန်ပြောင်း။
**micro**biology မိုက်ခရိုဘိုင်အိုလောဂျီ အဏုဇီဝဗေဒ။**micro**phone မိုက်ခရိုဖုံး။
**equi**distant အီကွီဒစ်စတင့် = အကွာအဝေးတူသော။
**equi**lateral Triangle အီကွီလက်တရယ်လ် = သုံးနားညီသော တြိဂံ။
**semi**conductor ဆီမီးကွန်ဒတ်တာ=တစ်ပိုင်းလျှပ်ကူးပစ္စည်း။
**semi**final= အကြိုဗိုလ်လုပွဲ။ **semi**circle = စက်ဝိုင်းခြမ်း။

⌘ နေရာပြကို နံပါတ် **2.** ဟော့
**inter** = အကြား၊ **super** = အလွန်၊ **tran** = ဖြတ်၍။
⌘ **peri** (ပါရီ) တွေ့က = ပတ်လည်ပါ
(အီးအိပ်စ်)**ex** = အပြင်သို့၊ အလွန့်အလွန် = **extra** ။
⌘ **ultra** အလွန် **infra** အောက်နားကျ
**sub** ကတော့ဖြင့် = အောက်ဘက်ကျ၊ =**tele**အဝေးက။

***2. Prefixes of location :*** (နေရာပြရှေ့ဆက်များ)

**inter**changeအင်တာချိန်းဂျ်=လဲလှယ်သည် **super**sonic စူပါဆွန်းနစ်=အသံထက်မြန်သော
**trans**mit ထရန်စမစ်တ် = အဝေးသို့ပို့သည် **trans**fer ထရန်စဖား-လွှဲပြောင်းပေးသည်
**peri**meterပါရီမီတာ = ပတ်လည်အနား **ex**cludeအိတ်စ်ကလု(ဒ်) = ထုတ်ပယ်ထားသည်
**extra**ordinary အိတ်ထရာအော်ဒင်နာရီ = သာမန်ထက်လွန်သော
**ultra**-violet ခရမ်းလွန်ရောင်ခြည် **infra**-red အင်ဖရာရက်ဒ် =အနီအောက်ရောင်ခြည်
**sub**marineဆပ်မရင်း=ရေငုပ်သင်္ဘော။ **tele**phone=တယ်လီဖုံး(**tele**=အဝေး+ **phone**= အသံ)
**tele**vision= ရုပ်မြင်သံကြား၊ **tele**scope = အဝေးကြည့်မှန်ပြောင်း။ ၊ (**vision** = အမြင်)။
**tele**graph = ကြေးနန်း **tele**pathy= အဝေးမှစိတ်ချင်းဆက်သွယ်ခြင်း။

mgyoe.com

⌘ အရေအတွက်ပြနံပါတ် **3.** မှာ

mgyoe.com

တစ်နှစ်သုံးလေးငါး **mono , bi , tri , tetra , penta**

တစ်နှစ်သုံးလေးငါး **mono , di , tri , quad , penta**

⌘ **hexa , sept , octa , nona , dec**

ခြောက်ခွန်ရှစ်ကိုးတစ်ဆယ်၊ **multi** = များများဆက်။

***3. Prefixes of numbers :*** (ကိန်းအရေအတွက် ရှေ့ဆက်များ)

**monogamy** မိုနိုဂမီ = တစ်လင်တစ်မယားစနစ်။ **monopoly**= တစ်ဦးတည်းပိုင်။
**binary** ဘိုင်နရီ = နှစ်ခုစပ်။ **triangle** ထရိုင်အင်ဂယ်လ်=တြိဂံ။ **tricolour** =သုံးရောင်ခြယ်
**tetrahedron** = လေးမျက်နှာထု **quadrilateral** ကွိတ်ဒရီလက်ထရယ် =စတုဂံ။
**carbondioxide** ကာဗွန်ဒိုင်အောက်ဆိုဒ်၊ (အောက်ဆိုဒ် နှစ်ခုပါသော)
**pentagon** ပင်တာဂွန် = ပဉ္စဂံ။ **hexagon** ဟက်ဆာဂွန် = ဆဋ္ဌဂံ။
**September** စက်တင်ဘာလ = ခုနစ်လပိုင်း(ယခုကိုးလပိုင်း)။
**October** ရှစ်လပိုင်း။(အခု ဆယ်လပိုင်း)။ **octagon** အဋ္ဌဂံ (ရှစ်နားပါသော)
**octopus** အောက်တိုပတ်စ် = လက်တံရှစ်ခုပါ ရေဘဝဲကောင်။
**November** ကိုးလပိုင်း။ **nonane** နိုနိန်း– ကာဗွန်ကိုးခုပါအယ်လ်ကိန်း။
**December** ဆယ်လပိုင်း။ **decimal** ဒက်စမယ်=ဒသမကိန်း။ **decimetre** ဒက်စီမီတာ။
**multivitamin** မာတီဗီတာမင် = ဗီတာမင်ဓာတ်များစွာပါသော။

⌘ **4.** အတွက်က အချိန်ပြမည်

**ante**(အန်တီ–) = ရှေ့နဲ့ **pre** (ပရီ–)= မတိုင်မီ။

⌘ နောက်လှည့် (ရီထရို–) =**retro, prime** (ပရိုင်း–) =ပထမ

**post** (ပို့စ်–) ရှေ့ဆက်က = နောက်နားကျ။

***4. Prefixes of time and order :*** (အချိန်နှင့်အစီအစဉ်ရှေ့ဆက်များ)

**antecedent** အန်တီစီဒင်န့်ဖ် = ရှေ့ပြေးဖြစ်သော။ **antedate** = ရှေ့စောနေ့စွဲ။
**prepare** ပရီပဲ = ကြိုတင်ပြင်ဆင်သည်။ **prewar** =စစ်ကြိုခေတ်။
**retrospect** ရီထရိုစပက်တ် = အတိတ်ဖြစ်ရပ်များကိုပြန်ကြည့်သည်။
**primary** ပရိုင်းမာရီ = မူလအစအခြေခံဖြစ်သော။ **primary school**=မူလတန်းကျောင်း
**prime number** သုဒ္ဓကိန်း၊ **prime minister** – ဝန်ကြီးချုပ်။
**postgraduate** ပို့စ်ဂရက်ဂျူအိတ်= ဘွဲ့လွန်။ **post-1960** = ၁၉၆၀ အလွန်။
**AM= ante meridiem** မွန်းမတည့်မီ, **PM = post meridiem** မွန်းလွဲ။

⌘ နံပါတ် **5.** က အနုတ်အပေါင်းပြမယ်

မဟုတ်ကြောင်း ဟုတ်ကြောင်း အဓိပ္ပါယ်။

⌘ **un , in_, im_, il_, ir_, non, mis_, dis_**

အန်, အင်, အင်မ်, အယ်လ်, အီ, နန်း , မစ် , ဒစ်

မဟုတ်၊ မရှိ၊ မညီ၊ မထား၊ မဖြစ်။

⌘ လျော့ပစ် = **de** (ဒီ–) နဲ့ **anti** (အန်တီ–) = ဆန့်ကျင်

**over** = အလွန်၊ **under** = အောက်၊ **re** = ထပ်၍ပြင်။

mgyoe.com

***5. Negative and Positive Prefixes :***(အနုတ်နှင့်အပေါင်းရှေ့ဆက်များ)

mgyoe.com

**unmagnetized** အန်မက်ဂနက်တိုက်ဒ် =သံလိုက်ဓာတ်မရှိသော၊ **unmarried**=လက်မထပ်ရသေးသော။
**incomplete** အင်ကွန်ပလိ(တ်)= မပြည့်စုံသော။ **impossible** = မဖြစ်နိုင်သော၊
**illegal** အီလ်လီးဂဲလ် = ဥပဒေနှင့်မညီသော၊ **irregular** အီရယ်ဂူလာ=ပုံမှန်မဟုတ်သော။
**non-metal** နန်းမယ်တယ် = သတ္တုမဟုတ်သော။ **non-smoker**=ဆေးလိပ်မသောက်သူ။
**mislead** မစ်လီ(ဒ်)=လမ်းမှားသို့ဦးဆောင်သည်။ **misunderstand** =နားလည်မှုလွဲ။
**disagree** ဒစ်အဂရီး= သဘောမတူဖြစ်သည်။ **dislike** = မနှစ်သက်။
**demagnetize** ဒီမက်ဂနက်တိုက်ဇ်=သံလိုက်ဓာတ်လျှော့စေသည်။ **deactivate** လှုပ်ရှားမှုလျှော့စေ။
**antiseptic** အန်တီစပက်တစ်=ပိုးမွှားများကိုဖျက်စီးတတ်သော။ **antivirus**= ဗိုင်းရပ်ဆန့်ကျင်ဆေး။
**anti-American** အမေရိကန်ဆန့်ကျင်ရေး။ **anti-fascism** ဖက်ဆစ်စနစ်ဆန့်ကျင်ရေး။
**overload** အိုဗာလုဒ်=အဆမတန်ဝန်တင်သည်။ **overconfident**=ယုံကြည်မှုပိုလွန်။
**underground** အန်ဒါဂရောင်း =မြေအောက် ။ **underwear** = အတွင်းခံ။
**renew** ရီနယူး=အသစ်ပြန်၍လုပ်သည်။ **restart** ပြန်စ။ **rejoin** =ပြန်လည်ချေပသည်။

⌘ နံပါတ် 6. တွင်အထွေထွေ+တခြားရှေ့ဆက်များ
**co** (ကို) =အတူ နဲ့ **pro** (ပရို-) =ရှေ့သွား။
⌘ အလိုလိုဆက်ပြား = **auto** ပါ
**con** = "နှင့်အတူ" တဲ့ စသည်ဖြင့် များစွာ။

***6. Other prefixes :*** (အထွေထွေ+တခြားသောရှေ့ဆက်များ)

**co-ordinate** ကိုအောဒိနိတ် = ပူးပေါင်းဆောင်ရွက်သည်။ **co-exist** =အတူတည်ရှိ။
**program** ပရိုဂရမ် = ရှေ့ဦးအစီအစဉ်။ **prologue**= ကဗျာနိဒါန်း၊ ရှေ့ဦးအဖွင့်။
**progress** ပရိုဂရက်စ်= ရှေ့ဦးတိုးတက်မှု။ **probationer** = အစမ်းခန့်၊ အလုပ်သင်။
**automatic** =အလိုအလျောက်လှုပ်ရှားသော။ **autobiography** = ကိုယ်ရေးအတ္ထုပ္ပတ္တိ။
**autonomy** =ကိုယ်ပိုင်အုပ်ချုပ်ခွင့်။ **connect** ကွန်နက်တ် =ဆက်စပ်သည်။

**aero__** လေနှင့်ဆိုင်သော။ **aeroplane** လေယာဉ်, **aerodrome** လေဆိပ် , **aeronaut** လေသူရဲ။
**air__** လေနှင့်ဆိုင်သော။ **air-craft** လေယာဉ်။**air-bed** လေအိပ်, **airship** လေသင်္ဘော။
**air-hotess** လေယာဉ်မယ်။ **air-conditioner** လေအေးလေသန့်စက်။ (**air-con** ဟုခေါ်ကြ)
**Anglo__** အင်္ဂလိပ်နှင့်ဆိုင်သော။ **Anglo-Burma Treaty** အင်္ဂလိပ် မြန်မာသဘောတူစာချုပ်။
**Anglo-Indian** အင်္ဂလိပ်-ကုလားကပြား, **anglophile** အင်္ဂလိပ်တို့ကိုသဘောကျသူများ။
**anglophone** အင်္ဂလိပ်စကားပြောနိုင်ငံများ။ **anglophbe** အင်္ဂလိပ်တို့ကိုသဘောမကျ၊ မုန်းတီးသူများ။
**arch_** အကြီးအမှူး၊**archbishop** ဂိုဏ်းချုပ်,**archduke** အမတ်ချုပ်,**archenemy** အဓိကရန်သူ။
**by__ , by(e)__ ,** အရေးမပါသော၊ မထင်ရှားသော။ **bygone** ရှေးလွန်လေပြီးသော၊
**bystander** ဘေးမှရပ်ကြည့်နေသူ၊ **bye-law** ဥပဒေအသေးစား၊ **by-election** ကြားရွေးကောက်ပွဲ။
**contra__** ဆန့်ကျင်ဘက်, **contraceptive** ပဋိသန္ဓေတားဆေး၊ **contradiction** ဝိရောဓိ။
**demi__** တစ်ဝက်တစ်ပိုင်း။ **demi-od** နတ်တစ်ပိုင်း၊စာရေးဆရာနိုင်ငံရေးသမားစသောကျော်ကြားသူများ။
**fore__** ရှေ့ပိုင်းကျသော။ **fore-leg** ရှေ့ခြေထောက်။ **foresee** ကြိုတင်၍ မြင်သည်။

mgyoe.com

**grand__** ကြီးကျယ်ခန်းနားသော၊ **grand-stand** အထူးတန်း။ **grand-ma** = အဘွား။ **grand-pa** = **grandfather** အဘိုး။ **Grand-master** စစ်ဘုရင်ချန်ပီယံကြီး။ **great__** သာမန်ထက်သာလွန်သော။ **Great Britain** ဗြိတိသျှကျွန်းစု။ **great-coat** ဝတ်ရုံရှည်ကြီး။ **hydro__** ရေနှင့်ဆိုင်သော။ **hydro-electric** ရေအားလျှပ်စစ်။ **hydrogen** ဟိုက်ဒြိုဂျင်။ **hydrocarbon** ဟိုက်ဒြိုကာဗွန်။ **hydro-phobia** ရေကြောက်ရောဂါ(ခွေးရူးပြန်ရောဂါ)။ **mal__** ပုံပျက်ပန်းပျက်။ မတော်မတရား။ **maltreat** အနိုင်ကျင့်သည်။ **mal-nutrition** အဟာရချို့တဲ့။ **poly__** အများ။ **polygamy** မိန်းမအများယူခြင်း။ **poly-technic** အသက်မွေးမှုသင်ကျောင်း။ **pseudo_** အတုအယောင်။ **pseudonym** အမည်ဝှက်၊ကလောင်အမည်။ **pseudocode** ကုဒ်အတု။ **step___** လင်ပါ မယားပါ။ **stepchild** လင်ပါ၊ မယားပါကလေး ။ **stepfather** ပထွေး။ **vice__** ကိုယ်စား၊ဒုတိယ။ **Vice-President** ဒုတိယသမ္မတ။ **vicechairman** ဒုဥက္ကဋ္ဌ။ **in-law** ဥပဒေအရ၊ **neo** အသစ်။ **neosocialist** ဆိုရှယ်လစ်လက်သစ်။

⌘ **Prefix** ဆိုတာ ရှေ့မှာဆက်သလိုပဲ
**root word** နောက်မှာ **suffix** တွေတွဲ။
⌘ အဓိပ္ပာယ်ကွဲပြီး အလွန်အသုံးဝင်
**suffix** မျိုးကွဲလေးမျိုးတွင်။
⌘ **Noun** အသွင်ပြောင်းနောက်ဆက်ကား
**er, or, ar, ee, eer, ier** များ။
⌘ နောက်မှာထားလစ် **ism** နဲ့ **ist**
**ian , ity** နဲ့ **yst** ။
⌘ **tion , sion** ရှင်း နှစ် ရှင်း
**ation, ion** လဲ **noun** ထဲသွင်း။
⌘ ရင်း နဲ့ လင်း က **ing, ling**
**ette , let , ant , ent** ။
⌘ **ance, ence, ness**
**ess** နဲ့ **sis** ။
⌘ ကျန်နောက်ဆက်က (ရှစ် ) (ဟု-ဒ်) (ဖူး) (ဒမ်း)
ကျန်နောက်ဆက်က **ship, hood , ful , dom**
**ment , ure** နဲ့ **y , th** တို့ဆက်ကာလှမ်း ။
⌘ နောက်မြီးတန်းက **age, al**
**noun** ဖြစ်စေတာများစွာကွယ်။

painter =ပန်းချီဆရာ။
indicator =အချက်ပြကိရိယာ။
scholar = ပညာသင်။
trainee=သင်တန်းသား
engineer = အင်ဂျင်နီယာ။
financier = ငွေကြေးထောက်ပံ့သူ။
Buddhism= ဗုဒ္ဓဘာသာ။
Buddhist = ဗုဒ္ဓဘာသာဝင်။
magician= မျက်လှည့်ဆရာ။
flexibility = ပျော့ပျောင်းခြင်း။
analyst = စုံစမ်းစစ်ဆေးသူ။
opposition = ဆန့်ကျင်ဖက်။
admission=ဝင်ခွင့်။
investigation = စုံစမ်းစစ်ဆေးခြင်း။
action = လှုပ်ရှားမှု။

**Noun suffixes** နာမ်ဖြစ်စေသောနောက်ဆက်များ

**er**နဲ့ဆုံး: computer = ကွန်ပျူတာ။ lier = လူလိမ်။ receiver = ရေဒီယို(ဖမ်းစက်)။ programmer = အစီအစဉ်ရေးဆွဲသူ။ recorder = မှတ်တမ်းတင်စက်။
**or**နဲ့ဆုံး: calculator = ဂဏန်းပေါင်းစက်။ actor = မင်းသား။ operator = လုပ်ဆောင်သူ။

mgyee.com

mgyoe.com

**ee**နဲ့ဆုံး: interviewee = တွေ့ဆုံမေးမြန်းခံရသူ။ examinee = စစ်ဆေးခံရသူ။
**ism**နဲ့ဆုံး: atheism = တိတ္ထိဝါဒ။ magnetism = သံလိုက်ဓာတ်။ __ism = —ဝါဒ။ —ဓာတ်။
**ist**နဲ့ဆုံး: atheist = တိတ္ထိ။ specialist =အထူးကျွမ်းကျင်သူ။ violinist တယောသမား။
artist = အနုပညာသည်။ typist =လက်နှိပ်စက်ရိုက်သူ။ futurist = အနာဂတ်ဝါဒီ။
**ian**နဲ့ဆုံး: comedian = လူရွှင်တော် ။ electrician အီလက်ထရိရှင် = လျှပ်စစ်ဆိုင်ရာပညာရှင်။
**ity**နဲ့ဆုံး: electricity အီလက်ထရစ်စီးတီး = လျှပ်စစ်ဓာတ်အား။ ablity = စွမ်းအား။
**sion**နဲ့ဆုံး: explosion = ပေါက်ကွဲမှု။ conversion = ပြောင်းလဲခြင်း။ decision= ဆုံးဖြတ်ချက်။
**ing**နဲ့ဆုံး: swimming ဆွမ်းမင်းင်=ရေကူးခြင်း။ playing = ကစားခြင်း၊ တီးခတ်ခြင်း။
**ling**နဲ့ဆုံး: duckling = ဘဲကလေး ။ foundling = ကောက်ရသောကလေးလေး။
**ette**နဲ့ဆုံး: cigarette = စီးကရက်။ leatherette = သားရည်တု၊ bachelorette = လူပျိုပေါက်စ။
**let**နဲ့ဆုံး: piglet = ပက်ကလေ့ = ဝက်ကလေး။ booklet = စာအုပ်ငယ်။ __let =-အငယ်လေး။
**ant**နဲ့ဆုံး: applicant = လျှောက်ထားသူ။ servant= အစေခံ။ attendant = အစောင့်။
**ent**နဲ့ဆုံး: dependent = မှီခိုသူ။ different = ခြားနားချက်။ absorbent = စုပ်ယူမှု။
**ance**နဲ့ဆုံး: performanceပါဖွန်းမန့်စ်=အသုံးတော်ခံခြင်းပြုလုပ်ခြင်း။ significance=အရေးကြီးခြင်း။
**ence**နဲ့ဆုံး: independence အင်ဒီပင်းဒဲန့်စ်= လွတ်လပ်ရေး ။ dependence= မှီခိုခြင်း။
**ness**နဲ့ဆုံး: readinessရပ်ဒီနက်စ်=အသင့်ရှိခြင်း။ tidiness=သပ်ရပ်ခြင်း။lioness=ခြင်္သေ့မ။
**ress**နဲ့ဆုံး: actress =မင်းသမီး။waitress= စားပွဲထိုးမ။tigress =ကျားမ။ heiress =အမွေစားအမွေခံ။
**sis**နဲ့ဆုံး: analysis=ဆန်းစစ်ခြင်း။ neurosis=စိတ်ရောဂါအနုစား။ psychosis=အရူးရောဂါ။
**ship**နဲ့ဆုံး: relationship= ရီးလေးရှင်းရှစ်=ဆက်စပ်ခြင်း။ kinship = ဆွေမျိုးအဖြစ်။
friendship=ခင်မင်မှု။ partnership=အစုစပ်ဝင်ခြင်း။ ownership= ပိုင်ဆိုင်မှု။
hardship=အခက်အခဲ။ workmanship=ကျွမ်းကျင်မှုလက်ရာ။
**hood**နဲ့ဆုံး: manhood = ယောက်ျားအဖြစ်။ childhood= ကလေးဘဝ။
neighbourhood =အိမ်နီးချင်းဘဝ။ likelihood = ဖြစ်တန်ခြင်း။
**ful**နဲ့ဆုံး: handful=လက်တစ်ဆုပ်စာ။ spoonful = တစ်ဇွန်းအပြည့်။ houseful = ရုံပြည့်။
plateful = တစ်ပန်းကန်အပြည့်။ mouthful = ပလုတ်ပလောင်း။ _ful = -ပြည့်။
**dom**နဲ့ဆုံး: freedom = လွတ်လပ်ရေး။ martyrdom = အာဇာနည်အဖြစ်။ wisdom = ပညာ။
**ment**နဲ့ဆုံး: measurement မဲရှားမန့်တ်= တိုင်းတာခြင်း။ fulfilment= ပြီးပြည့်စုံခြင်း။
**ure**နဲ့ဆုံး: failure=ကျရှုံးခြင်း။ exposure= ဖွင့်လှစ်ဖော်ထုတ်ပြခြင်း။ scripture=တရားကျမ်းစာ။
**ry**နဲ့ဆုံး: delivery =ပေးအပ်ခြင်း။ finery =ဝတ်ကောင်းစားလှ။ infirmary = သူနာပြုရုံ။
**th**နဲ့ဆုံး: warmth = အနွေးဓာတ်။ growth = ကြီးထွားခြင်း၊ တိုးတက်မှု။ truth = အမှန်တရား။
**age**နဲ့ဆုံး: storage = သိမ်းဆည်းခြင်း။breakage =ကျိုးပဲ့အရာဝတ္ထု marriage=လက်ထပ်ခြင်း။
wrekage = အပျက်အစီး။ package = အထုပ်အပိုး။ wastage=ဖြုန်းတီးမှု။
**al**နဲ့ဆုံး: survival=မသေဘဲကျန်ခြင်း။(ရှင်သန်မှု)။ rehearsal=စတိတိုက်ခြင်း။ trial=စမ်းသပ်ခြင်း။
approval = သဘောတူခြင်း။ national = နိုင်ငံတော်နှင့်ဆိုင်သော။
**logy**နဲ့ဆုံး: __logy = _ဗေဒ(ဘာသာ)။Biology = ဇီဝဗေဒ(သက်ရှိများကိုလေ့လာသောဘာသာ)။
Zoology = သတ္တဗေဒဘာသာ။ Psychology = စိတ္တဗေဒ(စိတ်ပညာ)။
**tude**နဲ့ဆုံး: __tude = __စွမ်းရည်။ altitude အမြင့်(စွမ်းရည်) ,fortitude ဖွဲ့ခံနိုင်ခြင်း(စွမ်းရည်)။
**pathy**နဲ့ဆုံး: neuropathy = အကြောကုထုံး။ hydropathy = ရေဖြင့်ကုထုံး။

mgyoe.com

⌘ **Adjective** တကယ်သိနိုင်ကြဖို့.
**al, ar, ous** တို့။

mgyoe.com

⌘ ပါသလားလို့ နောက်မှာကြည့်မည်
**able, ible,less,**နဲ့ **ing**။

⌘ **ed,en , ish , ive ,**
**ic, ical , ful , some** ။

**Adjective suffixes** နာမဝိသေသနဖြစ်စေသောနောက်ဆက်များ
careless= သတိမထားသော။ interesting=အင်ထရက်စင်း=စိတ်ဝင်စားဖွယ်ကောင်းသော။
computed = တွက်ချက်တတ်သော။ golden = ရွှေဖြင့်ပြုလုပ်ထားသော။
wooden = သစ်သားဖြင့်ပြုလုပ်ထားသော။ yellowish=ဝပ်ဝါဝါ (ဝါတာတာ)။
inventive=တီထွင်တတ်သော။ automatic = အလိုအလျောက်ဖြစ်သော။
electrical = လျှပ်စစ်နှင့်ဆိုင်သော။ helpful= ကျေးဇူးများသော။
handsome = ခံ့ညားသော။ smaller = ပို၍သေးငယ်သော။ smallest = အသေးငယ်ဆုံးသော။
more beautiful = ပို၍လှပသော။ most beautiful = အလှပဆုံးသော။

⌘ **adjective** ပြီး **Verb** နောက်ဆက်မှာ
**ise , ize , ate** တို့ အရင် မှတ်ကာ။

⌘ **en** ပါရင် **verb** ဖြစ်နိုင်သား
**ify** နဲ့ **fy** စသည်များ။

computerise = တွက်ချက်သည်။
(ကွန်ပျူတာအသုံးပြုသည်။)
calculate = တွက်ချက်သည်။

**Verb suffixes** ကြိယာဖြစ်စေသောနောက်ဆက်များ
computerizeကွန်ပျူတာရိုက်ဇ် = တွက်ချက်သည်။ ကွန်ပျူတာအသုံးပြုသည်။
widenဝိုက်ဒန်း= ကျယ်စေသည်၊ ချဲ့သည်။ fasten= ခိုင်မြဲစေသည်။
purify =ပြူလီဖိုင်း = သန့်ရှင်းစေသည်။ simplify ဆင်ပလီဖိုင်း = ရှင်းသည်။

⌘ **Adverb** သည်ကား နည်းနည်းလေး
**ly** အဓိက **long, wards, wise,** နဲ့ **ways** ။
**prefix , suffix** မခက်သေး။
ရှေ့ဆက်လေ့လာ အစဉ်မနေး။ ။

wisely = ပညာပါစွာ။
helpfully = အသုံးဝင်လျက်၊
ကျေးဇူးများစွာ ။

**Adverb suffixes** ကြိယာဝိသေသန ဖြစ်စေသောနောက်ဆက်များ
headlong-ဦးစိုက်၊ အကြမ်းပတမ်း(ဦးတိုက်)။ sidelong-ဘေးတိုက်။
homewards-အိမ်သို့။ backwards-နောက်ပြန်။upwards-အပေါ်သို့။
forwards-ရှေ့သို့။ likewise-အလားတူ၊ထိုနည်းငှင်း။ otherwise-တစ်နည်းအားဖြင့်။
straighway-မဆိုင်းမတွ။ straighaway-မဆိုင်းမတွ။ adjမျဉ်းတစ်ဖြောင့်တည်းဖြစ်သော။
anyway- ဘယ်နည်းနဲ့ဖြစ်ဖြစ်။ always-အစဉ်အမြဲ။

+++++++++

mgyoe.com

# 2. PRONOUN (နာမ်စားများ)

mgyoe.com

| Person<br>ပုဂ္ဂိုလ်(လူ) | Subject<br>ပြုသူ(-သည်) | Object<br>အပြုခံ(-ကို) | Possessive<br>Adjective-၏ | Possessive<br>Pronoun-ဟာ | Reflexive<br>Pronoun-ကိုယ်တိုင် |
|---|---|---|---|---|---|
| First singular<br>ပထမလူအနည်း | I<br>ကျွန်ုပ်သည် | me<br>ကျွန်ုပ်ကို | my<br>ကျွန်ုပ်၏ | mine<br>ကျွန်ုပ်ဟာ | myself<br>ကျွန်ုပ်ကိုယ်တိုင် |
| First plural<br>ပထမလူအများ | We<br>ကျွန်ုပ်တို့သည် | us<br>ကျွန်ုပ်တို့ကို | our<br>ကျွန်ုပ်တို့၏ | ours<br>ကျွန်ုပ်တို့ဟာ | ourselves<br>ကျွန်ုပ်တို့ကိုယ်တိုင် |
| Second singular<br>ဒုတိယလူအနည်း | You<br>သင်သည် | you<br>သင့်ကို | your<br>သင်၏ | yours<br>သင့်ဟာ | yourself<br>သင်ကိုယ်တိုင် |
| Second plural<br>ဒုတိယလူအများ | You<br>သင်တို့သည် | you<br>သင်တို့ကို | your<br>သင်တို့၏ | yours<br>သင်တို့ဟာ | yourselves<br>သင်တို့ကိုယ်တိုင် |
| Third singu-M<br>တ-အနည်း-အဖို | He<br>သူသည် | him<br>သူ့ကို | his<br>သူ၏ | his<br>သူ့ဟာ | himself<br>သူကိုယ်တိုင် |
| Third singu-F<br>တ-အနည်း-အမ | She<br>သူမသည် | her<br>သူမကို | her<br>သူမ၏ | hers<br>သူမဟာ | herself<br>သူမကိုယ်တိုင် |
| Third singu-N<br>တ-အနည်း-မဲ့ | It<br>၎င်းသည် | it<br>၎င်းကို | its<br>၎င်း၏ | its<br>၎င်းဟာ | itself<br>၎င်းကိုယ်တိုင် |
| Third plural<br>တတိယလူအများ | They<br>သူတို့သည် | them<br>သူတို့ကို | their<br>သူတို့၏ | theirs<br>သူတို့ဟာ | themselves<br>သူတို့ကိုယ်တိုင် |

I am Ma Ma. = ကျွန်မ မမဖြစ်သည်။ Please give me. = ကျေးဇူးပြု၍ကျွန်ုပ်ကိုပေးပါ။
This is my book. = ဒါကျွန်ုပ်၏စာအုပ်ဖြစ်သည်။ This is mine.= ဒါကျွန်ုပ်ဟာဖြစ်သည်။
You should read your poem by yourself. သင်သည်သင့်ကဗျာကိုသင်ကိုယ်တိုင်ဖတ်သင့်သည်။
He gives his ball-pen to them.= သူကသူတို့ကိုသူ့ဘောလ်ပင်ပေးသည်။ It's his.= ဒါသူ့ဟာဖြစ်သည်။
This is their ball. = ဒါသူတို့၏ဘောလုံးဖြစ်သည်။ This is theirs.= ဒါသူတို့ဟာဖြစ်သည်။
That is our school.= ဒါကျွန်ုပ်တို့၏ကျောင်းဖြစ်သည်။ That is ours. ဒါကျွန်ုပ်တို့ဟာဖြစ်သည်။

**English** စာစကားကို များသောအားဖြင့် **S+ V + O** ပုံစံအတိုင်း ရေးရ၊ ပြောရသည်။

+ အင်္ဂလိပ်ဝါကျတစ်ကြောင်းရေးရင် Subject(ကတ္တား၊ ပြုလုပ်သူ)က စရေးရတယ်။
+ ကတ္တားနေရာ မှာ Noun (နာမ်)၊ Pronoun (နာမ်စား)၊ Gerund=Ving(ကြိယာနာမ်)၊ Phrase (ကြိယာမပါ စကားလုံးစု)နဲ့ Clause (ကြိယာပါ စကားလုံးစု)တို့ရှိ တတ်တယ်။
+ ဝါကျတွေအများကြီးရေးကြရမှာ နာမ်တစ်ခုကိုထပ်လဲလဲမသုံးဘဲနာမ်အစား၊ Pronoun နာမ်စားတွေကိုသုံးပေးရပါတယ်။

mgyoe.com

\+ **I, He, She, It** စသည်တွေဟာနာမ်စား အနည်းကိန်းဖြစ်ပြီး
**We, You, They** တို့ဟာနာမ်စားအများကိန်း တွေဖြစ်ပါတယ်။
**You** က တော့နာမ်စားအနည်းကိန်းအဖြစ်ရော အများကိန်းအဖြစ်ပါသုံးလို့ရပါတယ်။

\+ နာမ်စားတွေကို 1st Person, 2nd person နှင့် 3rd person လို့သုံးမျိုးခွဲပါတယ်။

\+ **1st person** မှာတော့ **I** နှင့် **We** တို့ဖြစ်ပါတယ်။ မိမိကိုယ်တိုင်ပါရပါမယ်။
**I** ကို ( am, was, do, did, have, had ) နှင့် $V_1$ အများကိန်းနဲ့တွဲပါတယ်။
**We** ကိုလည်း ( are, were, do, did , have, had ) နှင့် $V_1$ အများနဲ့ ပဲတွဲသုံးရတယ်။

\+ **2nd person** ကတော့မိမိနဲ့မျက်နှာချင်းဆိုင်တဲ့လူ **You** ကိုသုံးပါတယ်။
**You**ဟာအနည်းကိန်းလည်းဖြစ်နိုင်ပါတယ်။ အများကိန်းလည်းဖြစ်နိုင်ပါတယ်။
ဒါကြောင့် Reflexive Pronoun မှာ Yourself နှင့် Yourselves ၂ မျိုး ရှိ တယ်။
**You** က ( are, were, do, did , have, had ) နှင့် $V_1$ အများကိန်းနဲ့ သုံးရတယ်။

\+ **3rd person** ကမိမိနှင့်တခြားစီဖြစ်တဲ့ တတိယနာမ်စားကိုသုံးပါတယ်။
အဲဒီနာမ်စားမှာ ( He, She, It ,They ) တို့ပါဝင်ပါတယ်။
**He, She, It** က ( is, was, does, did, has, had ) နှင့် $V_1$ အနည်းတို့နဲ့ တွဲသုံးပါတယ်။
**They** က ( are, were, do, did, have, had) နှင့် $V_1$ အများကိန်းတွေနဲ့တွဲသုံးရပါတယ်။
**It** ကိုတော့ Possessive pronoun မှာ its လို့ပြထားပါတယ်။ Possessive Case ပိုင်ဆိုင် မှုပြစကားလုံးလည်း သုံးလို့ မရပါဘူး။ It's = It is = ထိုဟာသည်ဖြစ်သည် ဆိုတဲ့သုံးစံပဲရေးလို့ရတယ်။ ထိုဟာသည် ပိုင်ဆိုင်သည် ဆိုတဲ့သုံးစံရေး လို့မရပါဘူး။ဒါကြောင့်ပါ။

| Pronoun | Present | Past | Present | Past | Present | Past |
|---|---|---|---|---|---|---|
| နာမ်စား | ပစ္စုပ္ပန်(ယခု) | အတိတ်(ယခင်) | (ယခု) | (ယခင်) | (ယခု) | (ယခင်) |
| I | am ဖြစ်သည် | was ဖြစ်ခဲ့သည် | do ပြုသည် | did ပြုခဲ့သည် | have ရှိသည် | had ရှိခဲ့သည် |
| He, She, It | is ဖြစ်သည် | was ဖြစ်ခဲ့သည် | does ပြုသည် | did ပြုခဲ့သည် | has ရှိသည် | had ရှိခဲ့သည် |
| We, You, They | are ဖြစ်ကြသည် | were ဖြစ်ခဲ့ကြ | do ပြုသည် | did ပြုခဲ့ကြ | have ရှိကြ | had ရှိခဲ့ကြသည် |

**I am Ma Ma.** ကျွန်မ မမဖြစ်သည်။ **He was an actor.** သူသရုပ်ဆောင်တစ်ယောက်ဖြစ်ခဲ့သည်။
**He does homework.** သူအိမ်စာကို ပြုလုပ်သည်။ **They have a car.** သူတို့မှာ ကားတစ်စီးရှိသည်။
**She did not read this book.** သူမ ဒီစာအုပ်ကိုမဖတ်ခဲ့ပါ။ **We had arrived.** ငါတို့ရောက်ပြီ။

**I, He, She, It, We, You, They** အားလုံးတို့သည် will မှ must(Helping Verb) များဖြင့် တွဲသုံးနိုင်သည်။ (Helping Verb)များမှာ will __လိမ့်မည်, would __ခဲ့လိမ့်မည်, shall __လိမ့်မည်, should __ခဲ့လိမ့်မည် ,should __သင့်သည်၊ ထိုက်သည် ,can __နိုင်သည်, could__နိုင်ခဲ့သည်, may __ချင်__နိုင်သည်, might__ချင်_နိုင်ခဲ့သည်၊ must__ရမည်။ စသည်များ။ Helping Verb များနောက်တွင် Infinitive Verb (Verb1) များလိုက်ရသည်။

He will sing.သူသီချင်းဆိုလိမ့်မည်။ I shall go to school. ကျွန်တော်ကျောင်းသွားလိမ့်မည်။
We should play piano. ငါတို့ စန္ဒရားတီးသင့်သည်။ She can swim. သူမရေကူးနိုင်သည်။
They may come. သူတို့လာချင်လာနိုင်သည်။ You must try. သင်ကြိုးစားရမည်။

+++++++++

mgyoe.com

# ADJECTIVES (နာမဝိသေသနများ)

နာမ်ကိုအထူးပြုသောစကားလုံး၊ နာမ်အကြောင်းပြောသောစကားလုံးများကို နာမဝိသေသနလို့ခေါ်သည်။ Adjective များသည်---သော ဖြင့်ဆုံးလေ့ရှိကြသည်။

a fat man      a thin man      a heavy box      a light box
a live rabbit      a dead rabbit      an old book      a new book

နာမဝိသေသနဟာ နာမ်ကို ရှေ့မှ လည်းအထူး ပြုနိုင်သည်။ ၎င်းကို Premodifier ဟုခေါ်သည်။ နာမဝိသေသနသည် နာမ်ကိုနောက်မှ လည်းအထူးပြုနိုင်သည်။ ၎င်းကို Post modifier ဟုခေါ်သည်။ **ADJECTIVES** သည်နာမ် ရဲ့ရှေ့မှာရော နောက်မှာပါရှိနိုင်သည်။

| The | beautiful | girl | sitting in the front desk | is | my friend. |
|---|---|---|---|---|---|
| | Premodifier | N | Post Modifier | Verb | |
| | ရှေ့အထူးပြု | | နောက်အထူးပြု | | |

## 7 KINDS OF ADJECTIVES

### 1. PROPER ADJECTIVES အမည်ပြ နာမဝိသေသန

1. *The English* **language** = အင်္ဂလိပ်ဘာသာစကား။
2. *The Mandalay* **hill** = မန္တလေးတောင်။
3. *The Yangon* **University** = ရန်ကုန်တက္ကသိုလ်။
4. *The Shwedagon* **Pagoda** = ရွှေတိဂုံဘုရား။

### 2. ADJECTIVES OF QUANTITY ပမာဏပြ နာမဝိသေသန

ဘယ်လောက်ဘယ်မျှရှိတယ်ဆိုတာကိုဖော်ပြတဲ့ Adj တို့ကိုခေါ်သည်။

some, any, much, few, little, enough, all ,no, great, half, sufficient, whole, စသည်များ။

I ate some rice. ကျွန်တော်ထမင်းနည်းနည်း(တချို့)စားခဲ့သည်။
He showed much patience. သူဟာစိတ်ရှည်မှုများစွာကိုပြသည်။
He has little intelligence. သူ့မှာအသိတရားအနည်းငယ်မျှသာရှိပါတယ်။
We have enough exercises. ကျွန်တော်တို့မှာအလေ့အကျင့်အလုံအလောက်ရှိပါတယ်။
He has lost all his wealth. သူ့မှာပိုင်ဆိုင်သမျှပစ္စည်းအားလုံးဆုံးရှုံးသွားပါပြီ။

Adjectives of quantity ကို" **How much**" "ဘယ်လောက်လဲ" ဖြင့်မေးလေ့ရှိပါတယ်။

mgyo.com

## 3. ADJECTIVES OF NUMBER သင်္ချာ နာမဝိသေသန

ပုဂ္ဂိုလ်(သို့) အရာဝတ္ထုတို့၏အရေအတွက်ကိုဖော်ပြတဲ့ Adjectives တွေဖြစ်ပါသည်။

**a.** DEFINITE ကိန်းဂဏန်းအတိအကျ

**Cardinal Number -** ( one, two, three, four.......etc)

**Ordinal Number -** (First, second, third, fourth ........ etc)

**b.** INDEFINITE တိတိကျကျမပြောနိုင်

All, no, many, few, some, any, certain(သေချာသော), several(များစွာသော), sundry(အမျိုးမျိုးသော)...... စသည်။

The hand has five fingers. လက်မှာလက်ချောင်း ၅-ချောင်းရှိကြသည်။
Few cats like cold water. အနည်းငယ်သောကြောင်တို့ရေအေးကိုကြိုက်ကြသည်။
There are no picture in this book. ဒီစာအုပ်ထဲမှာရုပ်ပုံမပါဘူး။
I have taught many things. ကျွန်တော်ဟာအရာများစွာသင်ကြားပြီးခဲ့ပါပြီ။
The club is open to all and sundry. ကလပ်သည်အားလုံးအတွက်အမျိုးမျိုးဖွင့်သည်။

Adjectives of Number ကို" **How many**" "ဘယ်နှခုလဲ" ဖြင့်မေးလေ့ရှိပါတယ်။

## 4. DEMONSTRATIVE ADJECTIVES ညွှန်ပြ နာမဝိသေသန

this, that, these, those, such(ဤကဲ့သို့သော), another (အခြားသော), other (အခြားသော), yonder (ဟိုမှာတဘက်ဖြစ်သော), စသည်။

Demonstrative Adjectives ကို" **Which**" ဖြင့်မေးလေ့ရှိပါတယ်။

## 5. DISTRIBUTIVE ADJECTIVES ဖြန့်ဝေ နာမဝိသေသန

တစ်ဦးစီ တစ်ယောက်စီကိုဖော်ပြတဲ့နေရာမှာသုံးတဲ့ Adjectives တွေပါ။

**each( ____အသီးသီး)၊ (N အနည်း)** each boy ယောက်ျားလေးအသီးသီး။
**every( _____တိုင်း) (N အနည်း)** every man လူတိုင်း။
**either ( ၂ ___တွင် ၁ ___)- ( ၂ ယောက် တွင် ၁ယောက်)-( ၂လုံး တွင် ၁လုံး) (N အနည်း)** either boy ယောက်ျားလေး၂- ယောက် တွင် ၁-ယောက်
**neither ( ၂- ယောက် စလုံး မဟုတ်) (N အနည်း)** neither boy ယောက်ျားလေး၂- ယောက် စလုံး မဟုတ်။ စတာတွေ။

mgyee.com

mgyoe.com

## 6. INTERROGATIVE ADJECTIVES အမေးနာမဝိသေသန

What, Which, Whose.... စတဲ့မေးခွန်းစကားလုံးများ။ (N နှင့်တွဲသုံး)

What book are you reading now ?
သင်ယခုဘာစာအုပ်ဖတ်နေတာလဲ။
Which boy can answer this question ?
ဘယ်ကျောင်းသားဒီမေးခွန်းကိုဖြေနိုင်သလဲ။
Whose dog is this ?
ဒါဘယ်သူ၏ခွေးလဲ။

## 7. ADJECTIVES OF QUALITY အရည်အသွေးပြ နာမဝိသေသန

လူပုဂ္ဂိုလ်(သို့)အရာဝတ္ထု၏အရည်အသွေး (quality) ကိုဖော်ပြသော Adjective ကိုခေါ်သည်။

a red flower အနီရောင်ပန်းတပွင့်၊ a big dog ခွေးကြီးတကောင်၊
a long journey ခရီးရှည်တခု၊ စသည်များ။
Mandalay is a large city. မန္တလေးမြို့ဟာမြို့ကြီးတစ်မြို့ဖြစ်ပါတယ်။
He is an honest man. သူဟာရိုးသားဖြောင့်မတ်သူတစ်ယောက်ဖြစ်ပါတယ်။

white = ဖြူသော၊ red = နီသော၊ blue = ပြာသော၊ black = မည်းသော၊
yellow = ဝါသော၊ green = စိမ်းသော၊ grey = အရောင်မွဲသော၊ brown = ညိုသော၊
စသည်ဖြင့်အရောင်မှန်သမျှသည် ---သော ဖြင့်ဆုံးသော Adjective များဖြစ်ကြသည်။

happy = ပျော်ရွှင်သော၊ lazy = ပျင်းရိသော၊ small = ငယ်သော၊big = ကြီးသော၊
strong = သန်မာသော၊ weak = အားနည်းသော၊ ill = နေမကောင်းသော၊sick = ဖျားနာသော၊
glad = ဝမ်းသာသော၊ sad = ဝမ်းနည်းသော၊ fat = ဝသော၊thin = ပိန်သော၊
beautiful = လှပသော၊ugly = ရုပ်ဆိုးသော၊ cold = အေးသော၊hot = ပူသော၊
light = ပေါ့သော၊heavy = လေးသော၊ new = သစ်သော၊old = ဟောင်းသော၊
good = ကောင်းသော၊ bad = ဆိုးသော၊ tame = ယဉ်ပါးသော၊wild = ရိုင်းသော၊
